# ခရီးသွားအာမခံ

ပြည်တွင်း/ပြည်ပ ခရီးသွားသောသူများ ခရီးစဉ်အတွင်း မတော်တဆဖြစ်ရပ်များကြောင့် ထိခိုက်ဒဏ်ရာရခြင်း၊ ထာဝစဉ်မသန်စွမ်း ဖြစ်ခြင်း၊ အသက် - ဆုံးရှုံးခြင်းများ ဖြစ်ပွားသည့်အခါ ငွေကြေးအထောက်အပံ့ ပြန်လည်ရရှိနိုင်သည့် အာမခံအမျိုးအစားဖြစ်ပါသည်။

**အာမခံထားခွင့်ရှိသူ** - ပြည်တွင်း၊ ပြည်ပခရီးစဉ်ကို လေယာဉ်၊ သင်္ဘော၊ ကိုယ်ပိုင်ယာဉ် (သို့) စီးလုံးငှားယာဉ်နှင့် အများပြည်သူသုံး ယာဉ်လိုင်းများ အသုံးပြု၍ ခရီးသွားသူများ (အသက်ကန့်သတ်ချက်မရှိ)

**အာမခံတန်ဖိုး** - ပြည်တွင်း၊ ပြည်ပခရီးစဉ်များအတွက် -
တစ်ယူနစ်လျှင် ကျပ် (၅) သိန်းမှ အများဆုံး (၂၀) ယူနစ် ကျပ်သိန်း (၁၀၀) အထိ
- ခရီးမိုင် ၁၀၀ အောက် သယ်ယူပို့ဆောင်သည့် ယာဉ်လိုင်းများအတွက်
- အာမခံထားငွေ ပုံသေကျပ် သိန်း (၂၀)

**အာမခံသက်တမ်း** - ပြည်တွင်းခရီးစဉ်များအတွက် - နေ့ချင်းပြန်(၁) ရက်ခရီးမှ အများဆုံး(၃) လ ခရီးအထိ
- ပြည်ပခရီးစဉ်များအတွက် - ၁ ပတ်ခရီးမှအများဆုံး (၃) လ ခရီးအထိ
- ခရီးမိုင် ၁၀၀ အောက်သယ်ယူပို့ဆောင်သည့် ယာဉ်လိုင်းများအတွက် ခရီးတစ်ခေါက် (ခရီးစဉ်အစ - အဆုံး)

**ပရီမီယမ်နှုန်း**

| ခရီးစဉ် | သက်တမ်း | ပရီမီယမ်နှုန်း |
|---|---|---|
| ပြည်တွင်း | ၁ ရက် ခရီး | ၁ ယူနစ် - ၁၀၀ ကျပ် |
| | ၃ ရက် ခရီး | ၁ ယူနစ် - ၁၅၀ ကျပ် |
| | ၁ ပတ် ခရီး | ၁ ယူနစ် - ၂၀၀ ကျပ် |
| | ၂ ပတ် ခရီး | ၁ ယူနစ် - ၂၅၀ ကျပ် |
| | ၁ လ ခရီး | ၁ ယူနစ် - ၃၀၀ ကျပ် |
| | ၁ လနှင့် ၁၅ ရက် ခရီး | ၁ ယူနစ် - ၃၅၀ ကျပ် |
| | ၂ လ ခရီး | ၁ ယူနစ် -၄၀၀ ကျပ် |
| | ၂ လ ခွဲ ခရီး | ၁ ယူနစ် - ၄၅၀ ကျပ် |
| | ၃ လ ခရီး | ၁ ယူနစ် - ၅၀၀ ကျပ် |
| ပြည်ပ | ၁ ပတ် ခရီး | ၁ ယူနစ် - ၂၀၀ ကျပ် |
| | ၂ ပတ် ခရီး | ၁ ယူနစ် - ၂၅၀ ကျပ် |
| | ၁ လ ခရီး | ၁ ယူနစ် - ၃၀၀ ကျပ် |
| | ၁ လနှင့် ၁၅ ရက် ခရီး | ၁ ယူနစ် - ၃၅၀ ကျပ် |
| | ၂ လ ခရီး | ၁ ယူနစ် - ၄၀၀ ကျပ် |
| | ၂ လ ခွဲ ခရီး | ၁ ယူနစ် - ၄၅၀ ကျပ် |
| | ၃ လ ခရီး | ၁ ယူနစ် - ၅၀၀ ကျပ် |
| ခရီးမိုင် ၁၀၀ အောက် | ခရီးစဉ်အစမှအဆုံးအထိ | ပုံသေ ၁၀၀/ - ကျပ် |

: customerservices@fnilife.com, marketing@fnilife.com : www.fnilife.com
: Building A/9, Than Thu Mar Road, (24) Quarter, Thingangyun Township, Yangon, Myanmar.11071
: Hot Line// 09-269843974, 01-570521,01-570998, Fax : 570298

လျော်ကြေးကိစ္စတစ်စုံတစ်ရာ ပေါ်ပေါက်ပါက FNI Life သို့ ချက်ချင်းအကြောင်းကြားရမည်။

**ခရီးသွားအာမခံထားရှိခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများ**

- ခရီးစဉ် အစမှ အဆုံးအထိ အာမခံ ဝယ်ယူပြီး စီးနင်းလိုက်ပါသည့်သူများ ထိခိုက်ဒဏ်ရာရခြင်း၊ ထာဝစဉ်မသန်စွမ်း ဖြစ်ခြင်း နှင့် မတော်တဆ – ဖြစ်ရပ်များကြောင့် သေဆုံးခြင်းများအတွက် လျော်ကြေးခံစားခွင့်ရနိုင်ပါသည်။
- အသက်ဆုံးရှုံးခြင်း အတွက် အာမခံထားငွေကို အကျိုးခံစားခွင့်လွှဲပြောင်းခံရသူသို့ ထုတ်ပေးပါမည်။
- ဆရာဝန်ထောက်ခံချက်အရ ၁၀၀% ထာဝစဉ်မသန်စွမ်းဖြစ်ခဲ့ပါက အာမခံထားငွေကို အပြည့်အဝတစ်လုံးတည်း ပေးလျော်ပါမည်။
- ထိခိုက်ဒဏ်ရာရရှိခြင်းများ အတွက် ဆရာဝန်ထောက်ခံချက်ဖြင့် သတ်မှတ်ရာခိုင်နှုန်းအတိုင်း အကျိုးခံစားခွင့်ရရှိနိုင် ပါသည်။

**ဆေးရုံတက်/ဆေးကုသရခြင်းအတွက်**

- ပြည်တွင်း၊ ပြည်ပ ခရီးစဉ်များတွင် မတော်တဆထိခိုက်မှုကြောင့် ဆေးရုံတက်ကုသခံယူရသည့် ကာလအတွက် ရက်သတ္တပတ်လျှင် အာမခံထားငွေ ကျပ် ၅၀၀,၀၀၀ – (တစ်ယူနစ်) လျှင် ကျပ် ၄,၀၀၀ နှုန်းဖြင့် စုစုပေါင်း (၅၂) ပတ်အထိ။
- မိုင် (၁၀၀) အောက်ခရီးစဉ်များတွင် မတော်တဆထိခိုက်မှုကြောင့် ဆေးရုံတက်ကုသခံယူရသည့် ကာလအတွက် ရက်သတ္တပတ်လျှင် ပုံသေ – ကျပ် ၃,၂၀၀ နှုန်းဖြင့် စုစုပေါင်း (၅၂) ပတ်အထိ။
- အကျိုးခံစားခွင့်စုစုပေါင်းသည် အာမခံထားငွေထက် ကျော်လွန်ခြင်း မရှိစေရပါ။
- သေဆုံးမှုအတွက် လျော်ကြေးကို ဖြစ်ပွားသည့်နေ့မှ (၁) နှစ်အတွင်း၊ ဒဏ်ရာရမှုအတွက် လျော်ကြေးကို (၂) နှစ်အတွင်း တောင်းခံရန် လိုအပ်ပါသည်။

**ခရီးသွားအာမခံလျော်ကြေးပေးရန် အကျုံးမဝင်သည့်အချက်များမှာ**

(က) ရှိရင်းစွဲကိုယ်အင်္ဂါချို့တဲ့မှု နှင့် ရှိရင်းစွဲရောဂါဘယများကြောင့် ဖြစ်ပွားခြင်း
(ခ) မိမိကိုယ်မိမိ သေကြောင်းကြံစည်ခြင်း
(ဂ) တမင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကို ထိခိုက်ဒဏ်ရာရရှိစေခြင်း
(ဃ) ယာဉ်ထိခိုက်မှုနှင့် ဆက်စပ်မှုမရှိသောမီးဖွားခြင်း၊ ကိုယ်ဝန်ပျက်ကျခြင်း စသည်များ
(င) ရာဇဝတ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် ဥပဒေချိုးဖောက်ခြင်း
(စ) မူးယစ်ဆေးဝါးသုံးစွဲခြင်း
(ဆ) စစ်၊ သပိတ်မှောက်ခြင်း၊ အဓိကရုဏ်းဖြစ်ခြင်း၊ ပြည်တွင်းစစ်၊ အကြမ်းဖက်ဖျက်စီးခြင်းနှင့် ပြည်တွင်း မငြိမ်မသက်ဖြစ်ခြင်း
(ဇ) (င)၊ (စ) နှင့် (ဆ) ပါအကြောင်းအရာများ နှင့် ယင်းတို့၏ အကျိုးဆက်များကြောင့် ဖြစ်ပေါ်သည့် သေဆုံးခြင်း၊ ထာဝစဉ် မသန်စွမ်းဖြစ်ခြင်း နှင့် ထိခိုက်ဒဏ်ရာ ရရှိခြင်းစသည်များ။

**အာမခံထားရှိလိုပါက**

**FNI** ရုံးချုပ် နှင့် ရုံးခွဲများသို့လည်းကောင်း၊ **FNI** နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော အာမခံကိုယ်စားလှယ်များ သို့လည်းကောင်း ဆက်သွယ်၍ အာမခံထားရှိနိုင်ပါသည်။

: customerservices@fnilife.com, marketing@fnilife.com : www.fnilife.com
: Building A/9, Than Thu Mar Road, (24) Quarter, Thingangyun Township, Yangon, Myanmar.11071
: Hot Line// 09-269843974, 01-570521,01-570998, Fax : 570298

လျော်ကြေးကိစ္စတစ်စုံတစ်ရာ ပေါ်ပေါက်ပါက FNI Life သို့ ချက်ချင်းအကြောင်းကြားရမည်။